# Interview with a representative from the ASEAN Affairs Department, Ministry of Foreign Affairs, on Myanmar's stance and cooperation with ASEAN in the implementation of the ASEAN five-point consensus

**Q - Could you please explain how the ASEAN five-point consensus evolved?**

**A -** His Majesty Sultan Haji Hassanal Bolkiah, Sultan and Yang Di-Pertuan of Brunei Darussalam, the Chairman of ASEAN for 2021, extended an invitation to the Chairman of the State Administration Council, Commander-in-Chief of the Defence Services of the Republic of the Union of Myanmar, Senior General Min Aung Hlaing for attending the ASEAN Leaders' Meeting on 24-4-2021 at the ASEAN Secretariat, Jakarta, Indonesia, which was convened in-person after more than a year of the COVID-19 pandemic. In fact, that informal meeting was called under the name of the ASEAN Leaders' Meeting to discuss the internal political developments of Myanmar.

The meeting was held with three agendas; (1) ASEAN Community Building, (2) ASEAN's External Relations, and (3) Exchange of views on Regional and International Issues. At the meeting, the Chairman of the State Administration Council reiterated Myanmar's commitment to work closely with the chair, including all ASEAN Member States, to successfully achieve the chair's deliverables aiming for a resilient and sustainable recovery from COVID-19 and for further progress towards the ASEAN Community building efforts. The Chairman of the State Administration Council also comprehensively apprised the meeting of the recent developments in Myanmar, especially on the reason why the Tatmadaw had constitutionally assumed the State's responsibilities on 1 February 2021, handling of protests in maximum restraints, and the structure, future programmes and works of the State Administration Council.

ASEAN Leaders also exchanged views on the current situation and some suggestions were highlighted in the Chairman's Statement at the ASEAN Leaders' Meeting. In response to the suggestions made by ASEAN Leaders, the Chairman of the State Administration Council informed the meeting on three points; (1) Myanmar will consider carefully some constructive suggestions made by ASEAN Leaders based on evolving domestic situation of the country, (2) As Myanmar prioritizes to maintain law and order and to restore community peace and tranquillity, Myanmar will consider some suggestions based on the national interests of the country (3) the suggestions will be positively considered if it would facilitate the implementation of the Five-Step Road Map laid down by the State Administration Council and are based on the purposes and principles enshrined in the ASEAN Charter, ASEAN Way and ASEAN Spirit. Those points were issued in the press statement on 26 April 2021.



Chairman of the State Administration Council, Commander-in-Chief of the Defence Services of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends the ASEAN Leaders' Meeting on 24-4-2021 held at the ASEAN Secretariat, Jakarta, Indonesia.

The Chair of the ASEAN Leaders' Meeting released the Chairman's Statement where the ASEAN five-point consensus was annexed mentioning the immediate cessation of violence, commencement of a constructive dialogue among all parties concerned, the appointment of a special envoy of the ASEAN Chair, provisions of humanitarian assistance through the AHA Centre and the visit of the special envoy to Myanmar.

In fact, the then ASEAN Chair did not officially inform or negotiate with other ASEAN Member States on the issuance of the five-point consensus. Therefore, we can hardly call it a consensus reached among the ASEAN Member States through negotiation and formal adoption. Nevertheless, Myanmar is fully committed to cooperating with other ASEAN Member States in implementing the five-point consensus based on ASEAN's fundamental principles.

**Q - What is Myanmar's official position on the ASEAN five-point consensus?**

**A -** The ASEAN Leaders' Meeting was held on 24-4-2021 in Jakarta not as a regular ASEAN Summit but as an informal ASEAN Leaders' Meeting. The issuance of the five-point consensus was not informed in advance and it was released as an annexe of the Chairman's Statement of the ASEAN Leaders' Meeting. In this regard, Myanmar views the ASEAN five-point consensus as not a legally binding document but a proposal based on constructive suggestions of ASEAN family members to implement and cooperate as much as possible in accordance with the national interests of the concerned member state. The Information Team of the State Administration Council publicly declared Myanmar's official positions at the ASEAN Leaders' Meeting through a Press Release on 26-4-2021.

The precis of the Press Release on the ASEAN Leaders' Meeting is; Senior General Min Aung Hlaing, Chairman of the State Administration Council and Commander-in-Chief of the Defence Services attended the ASEAN Leaders' Meeting which was held at the ASEAN Secretariat in Jakarta, Indonesia, on 24 April 2021 at the invitation of His Majesty Sultan Haji Hassanal Bolkiah, Sultan and Yang Di-Pertuan of Brunei Darussalam; at the Meeting, the Chairman of the State Administration Council reiterated Myanmar's commitment to work closely with the chair, including all ASEAN Member States, to successfully achieve chair's deliverables aiming for a resilient and sustainable recovery from COVID-19 and for further progress toward the ASEAN Community building efforts; the Chairman of the State Administration Council also apprised the Meeting of the recent developments in Myanmar especially on the reason why the Tatmadaw had constitutionally assumed the State's responsibilities on 1 February 2021, handling of protests with maximum restraints, and the structure, future programmes and activities of the State Administration Council comprehensively; ASEAN Leaders also exchanged views on the current situation which some suggestions were highlighted in the Chairman's Statement on the ASEAN Leaders' Meeting; in response to some of the suggestions made by ASEAN Leaders, Myanmar informed the Meeting that it will give careful consideration to constructive suggestions made by ASEAN Leaders when the situation returns to stability in the country since priorities at the moment were to maintain law and order and to restore community peace and tranquility; in this regard, Myanmar also informed the Meeting that the suggestions would be positively considered if it would facilitate the implementation of the five-step road map laid down by the State Administration Council, serves the interests of the country and was based on the purposes and principles enshrined in the ASEAN Charter, ASEAN Way and ASEAN Spirit; Myanmar also suggested ASEAN Leaders to thoroughly review the information booklet circulated at the Meeting before comments are made relating to the current political situation in Myanmar.

As mentioned above, Myanmar is fully and closely cooperating with ASEAN not only in implementing the five-point consensus but also in the ASEAN Community Building efforts despite imposing targeted pressures on Myanmar based on groundless accusations and allegations of ASEAN's division on the Myanmar issue. Those one-sided allegations are totally groundless, and biased and would not lead to a constructive approach and solution but only worsen the already-existed misperceptions against Myanmar.

TO BE CONTINUED

# Interview with a representative from the ASEAN Affairs Department, Ministry of Foreign Affairs, on Myanmar's stance and cooperation with ASEAN in the implementation of the ASEAN five-point consensus

Continued from yesterday

THERE are some ASEAN Member States that hold negative views against Myanmar by sidelining her and limiting its representation to the ASEAN Summit and the ASEAN Foreign Ministers' Meeting. Such unprecedented action against Myanmar is unilateral and in breach of the ASEAN Charter. ASEAN Member States are obligated and obliged to strictly adhere to the ASEAN fundamental principles of consultation and consensus, especially in times of rising geopolitical competition and major power rivalries.

The world media turns a blind eye to the inhumane and ruthless killings of monks, innocent civilians, public servants, students and children, and violent activities being committed by the NUG, CRPH and PDF which have been officially declared terrorist groups by the Government of Myanmar encouraging for more terrorism, radicalism in the country due to fake news, disinformation and misinformation about Myanmar by the media.

It is essential that ASEAN and the international community need to understand the realities of Myanmar pragmatically and cooperate closely with the Myanmar government. However, the last ASEAN Summit held in November 2022 in Cambodia adopted the ASEAN leaders' Review and Decision on the Implementation of the five-point consensus derailing from the ASEAN Spirit and ASEAN Way as the review fails to take into account the progress and cooperative efforts by the State Administration Council in ASEAN Community Building efforts and the review and decisions purely aim to put undue pressure on Myanmar. As such, the Ministry of Foreign Affairs of Myanmar released a Press Statement pointing out the flaws of the so-called review and 15 points of decisions by the ASEAN Summit on 11-11-2022.



Chairman of the State Administration Council, Commander-in-Chief of the Defence Services of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends the ASEAN Leaders' Meeting on 24-4-2021 held at the ASEAN Secretariat, Jakarta, Indonesia.

**Q - Could you please explain Myanmar's position on the appointment of the Special Envoy of the ASEAN Chair?**

**A -** As a gesture of goodwill and cooperation with ASEAN, Myanmar is carrying out appropriate measures including facilitating the appointment of the ASEAN Chair's Special Envoy and his visits as stated in points 3 and 5 of the consensus.

In appointing the Special Envoy of the ASEAN Chair, it is critical for ASEAN to cooperate with the Myanmar government given the in-depth understanding of Myanmar's history and the reality of internal politics, and to make constructive proposals based on mutual understanding, mutual respect, fairness and equality in order to facilitate Myanmar's efforts in implementing the five-step future plan.

For the appointment of the very first Special Envoy of the ASEAN Chair in 2021, ASEAN proposed the nominations of Mr Virasakdi Futrakul, former deputy foreign minister of Thailand, Mr Hassan Wirajuda, former foreign minister of Indonesia and Mr Razali Ismail from Malaysia. The Myanmar Government sent a letter of approval on the appointment of Mr Virasakdi Futrakul, former deputy foreign minister of Thailand as the Special Envoy of the ASEAN Chair on 6-7-2021. However, the 2021 ASEAN Chair changed the nomination of Special Envoy to Dato Erywan Pehin Yusof, Minister of Foreign Affairs II of Brunei Darussalam. Therefore, the appointment procedure of the Special Envoy of the ASEAN Chair has been delayed due to the changes in nomination from ASEAN although Myanmar replied with its approval of the former deputy foreign minister of Thailand.

Myanmar conveyed its official positions on the appointment of the Special Envoy of the ASEAN Chair and highlighted that a Special Envoy shall not be a cabinet member of the Member State holding the ASEAN Chairmanship, the Special Envoy must be an independent person free from political influences in order to perform the duties freely. In this regard, Myanmar sent a letter of objection to the ASEAN Chair on the appointment of a foreign minister as the Special Envoy.

However, the list of previous nominees as the Special Envoy had been revoked at the 54th ASEAN Foreign Ministers' Meeting, and the name of Dato Erywan Pehin Yusof, Minister of Foreign Affairs II of Brunei Darussalam was presented as the Special Envoy of the ASEAN Chair. In showing Myanmar's cooperation with ASEAN in the implementation of the five-point consensus as much as possible, Myanmar finally accepted the nomination of Dato Erywan Pehin Yusof, Minister of Foreign Affairs II of Brunei Darussalam as the Special Envoy of the ASEAN Chair at the separate meeting of ASEAN Foreign Ministers on 4-8-2021.

At the meeting of ASEAN Foreign Ministers, the Union Minister for Foreign Affairs of Myanmar reiterated three official positions of Myanmar in the appointment of the Special Envoy of the ASEAN Chair; (1) the Special Envoy of the ASEAN Chair must conduct official communications and work closely with the Myanmar government, (2) Myanmar will not accept new proposals beyond the five-point consensus, (3) the appointment and the role of the Special Envoy should be aligned with the ASEAN principles, particularly non-interference in the internal affairs of member states and ASEAN should uphold the core principle of making decisions through consensus. The Union Minister for Foreign Affairs of Myanmar requested the Chair of the ASEAN Foreign Ministers' Meeting to put on the record above-mentioned Myanmar's positions in the meeting minutes.

**Q - How is Myanmar facilitating the implementation of the ASEAN five-point consensus?**

**A -** The Government of Myanmar has been in close cooperation with the Special Envoy of successive ASEAN Chairs for implementing the ASEAN five-point consensus while striving for peace and tranquillity in the country. The Five-Point Road Map of the State Administration Council has been laid down prior to the formulation of the five-point consensus in order to restore democracy in Myanmar. Moreover, the Chairman of the State Administration Council himself is leading the efforts for lasting peace in the entire nation in line with the Five-Point Road Map. Those endeavours for peace by the State Administration Council clearly demonstrate the Myanmar Government's commitment to the cessation of violence as mentioned in point No. 1 of the five-point consensus.

During Cambodia's ASEAN Chairmanship in 2022, Myanmar also accepted the appointment of Mr Prak Sokhonn, Deputy Prime Minister and Foreign Minister of Cambodia as the Special Envoy of the ASEAN Chair. Myanmar facilitated the first visit of Mr Prak Sokhoon to Myanmar from 21 to 23 March 2022 as well as his second visit from 30 June to 2 July 2022. During these visits, the Myanmar side arranged meetings for the Special Envoy in order to meet with government officials, political parties and the Ethnic Armed Organizations (EAOs) which were available for the meeting. Besides, the two visits of Dr Kung Phoak, Head of the Office of the Special Envoy, were also facilitated by the Myanmar Government.

Considering Myanmar's cooperation in the appointments of the Special Envoy and strenuous domestic efforts for achieving lasting peace, it is obvious that the Government of Myanmar has been actively implementing the important points of the five-point consensus. Another significant progress in the implementation of the five-point consensus is the Myanmar Government's cooperation at the States and Regions levels for the provisions of the ASEAN humanitarian assistance through the ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA) Centre.

The provisions of humanitarian assistance to Myanmar through the AHA Centre have been implemented in two phases. The Myanmar Task Force led by the Union Minister for International Cooperation was established for facilitating the smooth policy coordination and practical delivery of executing the goals of the AHA Centre successfully on the ground. As of now, Phase 1 which is the provision of life-saving assistance has been successfully completed, and the Myanmar Government is in close cooperation with ASEAN for Phase 2 which is the provision of life-sustaining assistance. Thus, allegations of "no significant progress in implementing the ASEAN five-point consensus" are unfounded, absolutely baseless and far away from reality.

SEE PAGE-7

# Interview with a representative from the ASEAN Affairs Department,...

FROM PAGE-6

**Q - Could you please explain how Myanmar continues to cooperate with ASEAN?**

**A** - As a dutiful ASEAN Member State, Myanmar firmly stands on ASEAN norms and principles enshrined in the ASEAN Charter, Treaty of Amity and Cooperation in Southeast Asia (TAC) and the ASEAN Community Vision Blueprints by fulfilling the membership obligations such as financial and institutional responsibilities.

Despite unilateral and unfair actions taken against Myanmar by a few ASEAN Member States through ASEAN mechanisms, Myanmar will continue working closely with all Member States in maintaining the region's peace and stability which is crucial for the region's economic development. Nevertheless, Myanmar will continue working with ASEAN family members to promote and strengthen ASEAN Centrality and ASEAN Unity.

Nowadays, regarding the internal affairs of Myanmar, unilateral and unfair actions and pressures have been taken against Myanmar by a few ASEAN Member States through ASEAN mechanisms which are beyond and against the provisions and fundamental principles of the ASEAN Charter. These unprecedented measures could severely affect the ASEAN Centrality and ASEAN Unity as well as the ASEAN credibility in the establishment of a rules-based community. To prevent the infiltration of great power rivalries and influences into the region, it is a crucial time for ASEAN to keep promoting the ASEAN Spirit, existing good practices and cordial relationships between ASEAN countries and among the peoples of ASEAN rather than advocating the self-interest and political ambitions of individual member states.

Since the inception of ASEAN, ASEAN has made a number of historic achievements towards regional peace, stability and prosperity over the past 55 years through maintaining strong cooperation and unity among the countries in the region and promoting cohesiveness, and harmony for economic and socio-cultural developments. ASEAN countries must overcome various challenges and difficulties by promoting the ASEAN Way, ASEAN Unity, ASEAN Spirit and the "Unity in Diversity" with a deeper understanding and appreciation of different political systems, and economic development of each ASEAN Member State.

Myanmar will be consistently observing and complying with the ASEAN principles and procedures enshrined in the ASEAN and will be fully cooperating with ASEAN for the realization of the ASEAN Community Vision 2025 with the Whole-of-Government Approach through effective coordination among different ministries and relevant agencies at the national level. Therefore, it is proving that Myanmar is a responsible, proactive and constructive member of ASEAN, and it is an undeniable fact that Myanmar has the capacity, capability, and motivation to assume a greater role in ASEAN.

(This interview is an unofficial translation of the Myanmar version of the interview which appeared in the daily newspapers (Kyemon-The Mirror and Myanmar Alin) published on 10 February 2023.)

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနှင့် အာဆီယံတူညီဆန္ဒ (၅) ချက်အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍ

**မေး –** အာဆီယံတူညီဆန္ဒ (၅)ချက်ပေါ်ပေါက်လာပုံနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဖြေ –** ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာ ဆာနာလ်ဘိုလ်ကီးယားက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာရှိတဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှာ “အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး (ASEAN Leaders’ Meeting)” ကို ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးဟာ ကိုဗစ် – ၁၉ ကပ်ရောဂါစတင်ဖြစ်ပွားပြီး နောက်ပိုင်း (၁) နှစ်ကျော် အကြာမှာ အာဆီယံခေါင်းဆောင်တွေ လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးမယ့် အစည်းအဝေးဖြစ်တာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပေးပါရန် ဖိတ်ကြားခဲ့ပါတယ်။ တကယ်တော့ မြန်မာ့အရေးဆွေးနွေးဖို့ အခြားခေါင်းစဉ်တပ်ပြီး အာဆီယံခေါင်းဆောင်များရဲ့ အလွတ်သဘောအစည်းအဝေးဆိုပြီး ခေါ်ယူကျင်းပခဲ့တာပဲဖြစ်ပါတယ်။

အဲဒီအစည်းအဝေးအစီအစဉ်ကို အပိုင်း (၃) ပိုင်းခွဲခြား ပြုလုပ်ခဲ့ပါတယ်။ အပိုင်း (၁) အာဆီယံအသိုက်အဝန်းထူထောင်ခြင်း၊ (၂) အာဆီယံနှင့်ပြင်ပဆက်ဆံရေး၊ (၃) ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခြင်းတို့ ပါဝင်ပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံဒေသတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ် ဒေသတွင်းပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပံ့ပိုးသွားမယ့်ကိစ္စရပ်တွေ၊ အာဆီယံရဲ့ ဦးတည်ချက်တွေ အောင်မြင်စေဖို့ အာဆီယံပဋိညာဉ်စာတမ်းနဲ့ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) မှာပါတဲ့ အခြေခံမူတွေနဲ့အညီ အဖွဲ့ဝင်နိုင်ငံများနဲ့အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေအပြင် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ နိုင်ငံတော်အစိုးရ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကိုလည်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဆိုပါအစည်းအဝေးမှာ အခြားအာဆီယံခေါင်းဆောင်တွေက မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနဲ့ပတ်သက်လို့ ဆွေးနွေးအကြံပြုခဲ့ကြပါတယ်။ ယင်းအကြံပြုချက်များနဲ့ ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်မိန့်ခွန်းမှာ မြန်မာနိုင်ငံရဲ့ရပ်တည်ချက် (၃) ချက်ဖြစ်တဲ့ (က) အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အကြံပြုချက်အချို့ဟာ အပြုသဘောဆောင်တာကို မှတ်သားထားပါကြောင်း၊ နိုင်ငံရဲ့ပြည်တွင်းရေး အခြေအနေပေါ်မူတည်ပြီးတော့ ထည့်သွင်းစဉ်းစားသွားမှာဖြစ်ကြောင်း၊ (ခ) မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်တွေကို အလေးထားစဉ်းစားပေးမှာဖြစ်ကြောင်း၊ (ဂ) အကြံပြုချက်တွေဟာ နိုင်ငံတော်အစိုးရရဲ့ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုပြီး ASEAN Charter၊ ASEAN Way၊ ASEAN Spirit တို့ကို အခြေခံမယ်ဆိုရင်တော့ အပြုသဘောစဉ်းစားပေးသွားမယ်လို့ ပြန်လည်ပြောကြားခဲ့ပါတယ်။

အဆိုပါအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့တဲ့ အာဆီယံဥက္ကဋ္ဌရဲ့ ကြေညာချက် နောက်ဆက်တွဲမှာ အကြမ်းဖက်မှုတွေ ရပ်တန့်ရေး၊ သက်ဆိုင်သူအားလုံးနဲ့ စေ့စပ်ဆွေးနွေးမှုတွေပြုလုပ်ရေး၊ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်ခန့်အပ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို အာဆီယံ AHA စင်တာကတစ်ဆင့် ပေးအပ်သွားရေးနဲ့ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ သွားရောက်ရေးတို့ပါဝင်တဲ့ တူညီဆန္ဒ(၅)ချက်ကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။

အဲဒီတူညီဆန္ဒ(၅)ချက် ထုတ်ပြန်မယ်ဆိုတာကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတွေကို ကြိုတင်အသိပေးညှိနှိုင်းခဲ့တာမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်ရဲ့ နောက်ဆက်တွဲအဖြစ်သာ



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ၂၄–၄–၂၀၂၁ ရက်နေ့တွင်ကျင်းပသော အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်စဉ်။

ထုတ်ပြန်ခဲ့ခြင်းဖြစ်လို့ အစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ သဘောတူညီချက် (ASEAN Consensus) နဲ့ ချမှတ်ခဲ့တာမဟုတ်ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံများနဲ့ အပြုသဘောပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအခြေခံမူများနဲ့အညီ ဆောင်ရွက်ရန်ရပ်တည်ချက်နဲ့ တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရေးမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး –** အာဆီယံတူညီဆန္ဒ (၅) ချက်အပေါ် မြန်မာနိုင်ငံရဲ့ရပ်တည်ချက်ကဘယ်လိုပါလဲ။

**ဖြေ –** အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ၂၄–၄–၂၀၂၁ ရက်နေ့မှာကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးဟာ အာဆီယံပုံမှန်ထိပ်သီးအစည်းအဝေးအနေနဲ့ ကျင်းပခဲ့တာမဟုတ်ဘဲ အာဆီယံနိုင်ငံ့ခေါင်းဆောင်များရဲ့ အလွတ်သဘော အစည်းအဝေးပုံစံနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ တူညီဆန္ဒ (၅) ချက်နဲ့ အာဆီယံက ဆောင်ရွက်မယ်ဆိုတာကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံတွေကို ကြိုတင်ချပြခဲ့တာမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်နောက်ဆက်တွဲမှာ ဖော်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် တူညီဆန္ဒ (၅)ချက်ဟာ မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိဘဲ အာဆီယံနိုင်ငံများအချင်းချင်း အပြုသဘောဆောင်တဲ့ အကြံပြုတိုက်တွန်းချက်တွေအပေါ်မှာ သက်ဆိုင်ရာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်နှင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ဖို့သာ မြန်မာနိုင်ငံအနေနဲ့ခံယူထားပါတယ်။ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး တက်ရောက်ခဲ့တာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ရပ်တည်ချက်တွေကို ၂၆–၄–၂၀၂၁ ရက်နေ့မှာ အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။

အဆိုပါသတင်းထုတ်ပြန်ချက်ရဲ့အဓိကအချက်တွေကတော့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှာ ကျင်းပခဲ့တဲ့ “အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး (ASEAN Leaders’ Meeting)” ကို ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာ ဆာနာလ်ဘိုလ်ကီးယားရဲ့ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံအသိုက်အဝန်းထူထောင်ရေးကြိုးပမ်းမှုများနဲ့ ကိုဗစ် – ၁၉ ကူးစက်ရောဂါ ထိခိုက်နစ်နာဆုံးရှုံးမှုများမှ ပြန်လည်နာလန်ထူရေး လုပ်ငန်းစဉ်များ၊ အာဆီယံဥက္ကဋ္ဌရဲ့ ဦးစားပေးအစီအစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ရန် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဥက္ကဋ္ဌတို့နဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ့် မြန်မာနိုင်ငံရဲ့ ကတိကဝတ်ပြုမှုကို ထပ်လောင်းပြောကြားခဲ့ကြောင်း၊ အစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်ရဲ့တာဝန်ကို ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံနှင့်အညီ တပ်မတော်ကတာဝန်ယူ လွှဲပြောင်းရယူခဲ့ရတဲ့အခြေခံအကြောင်းရင်း၊ ဆူပူဆန္ဒပြမှုတွေဖြစ်ပေါ်ပြောင်းလဲမှုအဆင့်ဆင့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းထားပုံ၊ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေနဲ့ ဆောင်ရွက်ချက်တွေကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များက မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေနဲ့စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံခေါင်းဆောင်များရဲ့ အပြုသဘောဆောင်သော အကြံပြုချက်တွေကို အလေးအနက်ထားပါကြောင်း၊ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ နိုင်ငံ့အကျိုးစီးပွားကိုအခြေခံပြီး အကြံပြုချက်တွေကို အလေးထားစဉ်းစားပေးမှာဖြစ်ကြောင်း၊ အကြံပြုချက်တွေဟာ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုပြီး ASEAN Charter၊ ASEAN Way၊ ASEAN Spirit တို့ကိုအခြေခံမယ်ဆိုရင်တော့ အပြုသဘောစဉ်းစားပေးသွားမှာ ဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ထင်မြင်ချက်များ မပေးမီ အစည်းအဝေးမှာဖြန့်ဝေတဲ့ အချက်အလက်တွေကို သေချာစွာ လေ့လာပြီးမှ မှတ်ချက်ပြုစေလိုကြောင်း ပြောကြားခဲ့တာကို နိုင်ငံပိုင်သတင်းစာများမှ တရားဝင်သတင်းထုတ်ပြန်ခဲ့ပါတယ်။

အထက်မှာဖြေကြားခဲ့သလို မြန်မာနိုင်ငံဟာ အာဆီယံနဲ့တူညီဆန္ဒ (၅) ချက်ကိုသာမက အာဆီယံမဏ္ဍိုင် (၃) ရပ်နဲ့ အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒါကို မြန်မာကိစ္စကြောင့် အာဆီယံဟာ အပိုင်းပိုင်းကွဲနေပြီ၊ မြန်မာ့အရေးကြောင့် အာဆီယံရဲ့လုပ်ငန်းစဉ်တွေ ရပ်တန့်နေတာ မဖြစ်သင့်ဘူး စတဲ့စွပ်စွဲပြောဆိုရေးသားချက်တွေဟာ မြန်မာနိုင်ငံအတွက် မှန်ကန်မှုမရှိ၊ လိုရာဆွဲ ပြောဆိုနေတာဖြစ်ပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုး၊ ဖြေရှင်းမှုမျိုးကို ဖြစ်စေမှာမဟုတ်ဘဲ နားလည်မှုလွဲမှားစေရေး ပိုမိုဖြစ်စေဖို့ တွန်းအားပေးနေသလို ဖြစ်နေပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတွေနဲ့ဆန့်ကျင်ပြီး အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နိုင်ငံရေးအရ ကိုယ်စားပြုသူမဟုတ်သူကသာ တက်ရောက်ရမယ်ဆိုတဲ့ အစဉ်အလာလည်းမရှိ၊ တစ်ဖက်သတ်ဆန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ဆောင်ရွက်နေတဲ့ အပေါ်လည်း အာဆီယံအတွင်းလက်မခံလိုတဲ့ အဖွဲ့ဝင်နိုင်ငံတွေလည်း ရှိနေပါတယ်။ ဒီနေ့အခါမှာ အင်အားကြီး နိုင်ငံတွေရဲ့ ပထဝီနိုင်ငံရေးအားပြိုင်မှုတွေကြောင့် အာဆီယံဟာ တူညီဆန္ဒနဲ့ ဆွေးနွေးညှိနှိုင်းမှုကိုအခြေခံပြီး ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့ အစဉ်အလာကို ထိန်းသိမ်းရမှာဖြစ်ပါတယ်။

မြန်မာအစိုးရက အကြမ်းဖက်အဖွဲ့တွေအဖြစ် တရားဝင်ကြေညာထားတဲ့ NUG၊ CRPH၊ PDF တွေရဲ့ ရဟန်းသံဃာတွေ၊ အပြစ်မဲ့ပြည်သူတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ကျောင်းသား ကလေးသူငယ်တွေကို လူမဆန်စွာနဲ့ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်သတ်ဖြတ်တဲ့လုပ်ရပ်တွေကိုတော့ ဒေသတွင်းနဲ့ ကမ္ဘာ့မီဒီယာတွေက မဖော်ပြဘဲ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းမှား၊ သတင်းတုတွေကိုပဲ တစ်ဖက်စောင်းနင်းရေးသားဖော်ပြနေကြတာဟာ အကြမ်းဖက်မှု၊ အစွန်းရောက်မှုကို အားပေးအားမြှောက်ပြုနေသလိုဖြစ်နေပါတယ်။ အာဆီယံနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေမှန်တွေကို လက်တွေ့ကျကျ အမှန်အတိုင်းရှုမြင်ပြီး မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်ဖို့လိုသလို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့တဲ့ တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်ဆိုပြီး စုစုပေါင်း အချက် (၁၅) ချက်ကိုချမှတ်ပြီး မြန်မာနိုင်ငံအပေါ် ထပ်မံဖိအားပေးဖို့ ကြိုးပမ်းဆောင်ရွက်နေတာဟာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရရဲ့ အာဆီယံနဲ့ အပြုသဘောပူးပေါင်းဆောင်ရွက်မှုတွေ၊ မြန်မာနိုင်ငံရဲ့ အာဆီယံအသိုက်အဝန်းထူထောင်မှု အခန်းကဏ္ဍမှာ တက်တက်ကြွကြွ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတွေကို လျစ်လျူရှုထားသလို ဖြစ်တဲ့အပြင် အာဆီယံစိတ်ဓာတ်၊ အာဆီယံလမ်းစဉ်တွေကနေ သွေဖည်ဆောင်ရွက်နေတယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ယင်းဆုံးဖြတ်ချက် (၁၅) ချက်နဲ့ပတ်သက်ပြီးတော့လည်း ၁၁-၁၁-၂၀၂၂ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

**မေး – အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ် ခန့်အပ်မှုတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကိုလည်း ရှင်းပြပါဦး။**

ဖြေ – မြန်မာနိုင်ငံက အာဆီယံတူညီဆန္ဒ (၅) ချက်မှာပါတဲ့ အချက် (၃) ဖြစ်တဲ့ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ခန့်အပ်ခြင်းနဲ့ အချက် (၅) ဖြစ်တဲ့ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်များမှာ မြန်မာနိုင်ငံရဲ့ အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်မှုကို ပြသတဲ့အနေနဲ့အတတ်နိုင်ဆုံးဖြစ်သင့်၊ ဖြစ်နိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းမှာ အာဆီယံဘက်က မြန်မာနိုင်ငံရဲ့ သမိုင်းစဉ်လာ၊ ပြည်တွင်းရေးပကတိအခြေအနေများနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့်လမ်းစဉ်တွေကို ပူးပေါင်းဆောင်ရွက်ပေးဖို့နဲ့ ရိုးသားမှု၊ နားလည်မှုကိုအခြေခံတဲ့ အဆိုပြုချက်တွေကို ပြုလုပ်ပေးဖို့ အရေးကြီးပါတယ်။

အာဆီယံဥက္ကဋ္ဌရဲ့ပထမဆုံး အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ဖို့ အာဆီယံဘက်က ၂၀၂၁ ခုနှစ်မှာ ထိုင်းနိုင်ငံမှ ယခင်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဗီယာဆပ်ဒီဖူထရာကူ၊ အင်ဒိုနီးရှားနိုင်ငံမှ ယခင်နိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါ နှင့် မလေးရှားနိုင်ငံမှ ရာဇလီအစ်ဇမေတို့ရဲ့အမည်စာရင်းတွေကို မြန်မာအစိုးရဘက်သို့ အဆိုပြုပေးပို့ခဲ့ပါတယ်။ ၎င်းတို့အထဲက ထိုင်းနိုင်ငံမှ ယခင်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဗီယာဆပ်ဒီဖူထရာကူကို အာဆီယံဥက္ကဋ္ဌရဲ့အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံမှ လက်ခံကြောင်း ၆-၇-၂၀၂၁ ရက်နေ့မှာ အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံသို့ တရားဝင်အကြောင်းပြန်ကြားခဲ့ပါတယ်။ ဒါပေမယ့် အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံက ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်ဖို့ ပြောင်းလဲအဆိုပြုလာပြန်ပါတယ်။ အာဆီယံဘက်က အထူးကိုယ်စားလှယ်အဖြစ် မူလအဆိုပြုခဲ့တဲ့ (၃) ဦးအပြင် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ကို ခန့်အပ်ဖို့ ပြောင်းလဲအဆိုပြုလာတာကြောင့် မြန်မာနိုင်ငံဘက်က ထိုင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းကို လက်ခံကြောင်း ပြန်ကြားခဲ့သော်လည်း အထူးကိုယ်စားလှယ် ခန့်အပ်ရေးကိစ္စဟာ ရှေ့မဆက်နိုင်ဖြစ်ခဲ့ရပါတယ်။ အာဆီယံအထူးကိုယ်စားလှယ်ခန့်အပ်မှုနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့သဘောထားဖြစ်တဲ့ အထူးကိုယ်စားလှယ်ဟာ အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံရဲ့ အစိုးရအဖွဲ့ဝင်တစ်ဦးမဖြစ်သင့်ကြောင်း၊ နိုင်ငံရေးလွှမ်းမိုးမှုတွေမရှိဘဲ လွတ်လပ်တဲ့ပုဂ္ဂိုလ်ကို ခန့်အပ်မှသာ အထူးကိုယ်စားလှယ်ရဲ့ လုပ်ငန်းတာဝန်တွေကို လွတ်လပ်စွာထမ်းဆောင်နိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ဖို့ အာဆီယံဘက်က ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ကို ပြောင်းလဲအဆိုပြုတာကို မြန်မာနိုင်ငံက လက်မခံနိုင်ကြောင်းကို စာနဲ့အကြောင်းပြန်ကြားခဲ့ပါတယ်။

ဒါပေမယ့် ၂-၈-၂၀၂၁ ရက်နေ့မှာကျင်းပတဲ့ (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် မူလအဆိုပြုခဲ့တဲ့အမည်စာရင်းတွေကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်ဖို့ အဆိုပြုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံတူညီဆန္ဒ (၅) ချက်အပေါ် ဆောင်ရွက်နိုင်တာတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုပြသတဲ့အနေနဲ့ ၄-၈-၂၀၂၁ ရက်နေ့မှာကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုအီရာဝမ်ပီဟင်ယူဆွတ်ကို ခန့်အပ်မယ့်ကိစ္စကို မြန်မာနိုင်ငံက သဘောတူပေးခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲ့ ရပ်တည်ချက် (၃) ချက်ဖြစ်တဲ့ အထူးကိုယ်စားလှယ်ဟာ မြန်မာအစိုးရနဲ့ နီးကပ်စွာ တရားဝင်ဆွေးနွေးမှုတွေပြုလုပ်ပြီး တူညီဆန္ဒ(၅)ချက်နဲ့အညီသာ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံဟာ တူညီဆန္ဒ(၅) ချက်အပြင် အဆိုပြုချက်အသစ်တွေကို လက်ခံမှာမဟုတ်ကြောင်း၊ အထူးကိုယ်စားလှယ်ဟာ တာဝန်တွေ ထမ်းဆောင်တဲ့အခါ နိုင်ငံတစ်နိုင်ငံရဲ့လွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာ၊ သာတူညီမျှရှိမှု၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှု၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဖို့နဲ့ ပြင်ပဝင်ရောက်စွက်ဖက်မှု၊ သိမ်းသွင်းမှု၊ အကျပ်ကိုင်မှုတွေမပြုဘဲ မိမိနိုင်ငံရဲ့ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနိုင်မှုဆိုတဲ့ အခွင့်အရေးကိုလေးစားဖို့ ပြောကြားခဲ့ပြီး ယင်းပြောကြားချက်များကို အစည်းအဝေးမှာ မှတ်တမ်းတင်ထားရှိရေး ပြောကြားခဲ့ပါတယ်။

**မေး – မြန်မာနိုင်ငံအနေနဲ့ အာဆီယံတူညီဆန္ဒ (၅) ချက်ကို ဘယ်လို အကောင်အထည်ဖော်နေပါသလဲ။**

ဖြေ – မြန်မာနိုင်ငံအစိုးရဟာ နိုင်ငံတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရရှိရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရေး ကြိုးပမ်းနေမှုနဲ့အတူ တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်ခြင်းကို အာဆီယံဥက္ကဋ္ဌရဲ့ ယခင်အထူးကိုယ်စားလှယ်များနဲ့ အပြုသဘောနီးကပ်စွာလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ဟာ အာဆီယံတူညီဆန္ဒ (၅) ချက် မပေါ်ပေါက်ခင်ကတည်းက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် ဦးတည်ချမှတ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ကာ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းမှုရရှိရေးအတွက် ကြိုးပမ်းမှုများအပါအဝင်၊ လုပ်ငန်းစဉ် (၅) ရပ်ကို ဟန်ချက်ညီညီဆောင်ရွက်လျက်ရှိပါတယ်။

ငြိမ်းချမ်းရေးကြိုးပမ်းမှုများဟာ အကြမ်းဖက်မှုတွေ ရပ်တန့်ရေးအတွက် အာဆီယံမှ တောင်းဆိုထားတဲ့ အချက်နံပါတ်(၁)ကို နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ရာမှာ သိသာထင်ရှားတဲ့ ဆောင်ရွက်ပေးနေတဲ့အချက်ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံရဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်မှာလည်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Prak Sokhonn ကို အာဆီယံဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့တာကို မြန်မာနိုင်ငံမှ သဘောတူလက်ခံခဲ့ပါတယ်။ Mr. Prak Sokhonn ရဲ့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံခရီးစဉ်ကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိနဲ့ ဒုတိယအကြိမ်ခရီးစဉ်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ လာရောက်ခဲ့တာတွေကိုလည်း မြန်မာနိုင်ငံမှ လိုအပ်သည်များ ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်း၏ ခရီးစဉ်များအတွင်း မြန်မာနိုင်ငံဘက်က တာဝန်ရှိသူတွေ၊ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနက်မှ တွေ့ဆုံခွင့် စီစဉ်ပေးနိုင်မယ့်အဖွဲ့တွေနဲ့ တွေ့ဆုံခွင့်ရရှိဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ရုံးအဖွဲ့ခေါင်းဆောင် Dr. KUNG Phoak ရဲ့ မြန်မာနိုင်ငံခရီးစဉ် (၂) ကြိမ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

အထူးကိုယ်စားလှယ်များခန့်ထားမှု၊ လက်ခံပူးပေါင်းဆောင်ရွက်ပေးမှု၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုတွေကိုကြည့်ရင် မြန်မာအစိုးရဟာ တူညီဆန္ဒ(၅)ချက်ရဲ့ အရေးကြီးတဲ့အချက်တွေကို အာဆီယံနဲ့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တူညီဆန္ဒ(၅)ချက်ရဲ့ သိသာထင်ရှားတဲ့ တိုးတက်မှု နောက်တစ်ခုကတော့ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ပေးအပ်နေတာကို မြန်မာနိုင်ငံအစိုးရမှ တိုင်းဒေသကြီး၊ ပြည်နယ်တွေအဆင့်အထိ အပြည့်အဝ ပူးပေါင်းဖြည့်ဆည်းပေးလျက်ရှိနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီတွေ ပေးအပ်တဲ့လုပ်ငန်းစဉ်ကို အဆင့် (၂)ဆင့် သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။ မြေပြင်မှာ AHA Centre ရဲ့ ရည်မှန်းချက်တွေ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက်နဲ့ မူဝါဒဆိုင်ရာညှိနှိုင်းဆောင်ရွက်မှုတွေကို အဆင်ပြေချောမွေ့စေဖို့ အပြည်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ မြန်မာလုပ်ငန်းအဖွဲ့(Myanmar Task Force) ကိုလည်း ဖွဲ့စည်းထားပါတယ်။ ယခုဆိုရင် ပထမအဆင့်ဖြစ်တဲ့ အသက်ကယ်ရေးအကူအညီတွေပေးအပ်တဲ့ လုပ်ငန်းစဉ်ဟာ အောင်မြင်ချောမောစွာ ပြီးစီးခဲ့ပြီဖြစ်သလို ဒုတိယအဆင့်ဖြစ်တဲ့ ဘဝရှင်သန်တည်မြဲရေးအကူအညီတွေ ပေးအပ်ဖို့အတွက်ကိုလည်း မြန်မာနိုင်ငံက အာဆီယံနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံတူညီဆန္ဒ (၅) ချက်ကို အကောင်အထည်ဖော်တဲ့နေရာမှာ တိုးတက်မှုမရှိဘူးလို့ ပြောဆိုစွပ်စွဲနေကြတာတွေက လုံးဝအခြေအမြစ်မရှိဘူးဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

**မေး – မြန်မာနိုင်ငံဟာ အာဆီယံနဲ့ ရှေ့ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်များကို သိလိုပါတယ်။**

ဖြေ – အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံဟာ အဖွဲ့ဝင်နိုင်ငံကောင်းပီသစွာနဲ့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်နဲ့ အာဆီယံအသိုက်အဝန်းထူထောင်ရေး မျှော်မှန်းချက်လမ်းပြမြေပုံတွေမှာပါရှိတဲ့ အာဆီယံစံနှုန်းတွေ၊ အာဆီယံလမ်းစဉ်တွေ၊ အာဆီယံမူတွေပေါ်မှာ ခိုင်မာစွာရပ်တည်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေ လိုက်နာဆောင်ရွက်ရမယ့် ဘဏ္ဍာရေးပိုင်း၊ လုပ်ငန်းပိုင်း တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့အချိန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးအခြေအနေတွေကို အကြောင်းပြုပြီးတော့ အာဆီယံပဋိညာဉ်စာတမ်းပါ စံနှုန်းတွေနဲ့ အခြေခံမူတွေကို ကျော်လွန်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ကန့်ကွက်ဖိအားပေးမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ စည်းမျဉ်းအခြေခံတဲ့ အသိုက်အဝန်းထူထောင်ရေးကိုဦးတည်နေတဲ့ အာဆီယံအဖွဲ့ကြီးအပေါ် အများယုံကြည်လက်ခံနိုင်မှုကို ထိခိုက်စေတဲ့အပြင် အာဆီယံဗဟိုအချက်အချာကျမှုနဲ့ စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေမှာကိုလည်း အထူးသတိပြုသင့်ပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ပြိုင်ဆိုင်မှုတွေ ဒေသအတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေဖို့ အာဆီယံမှာ ကျင့်သုံးနေတဲ့ ကောင်းမွန်တဲ့ ထုံးတမ်းစဉ်လာများနဲ့ အာဆီယံနိုင်ငံတွေနဲ့ ပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ တစ်နိုင်ငံချင်း စည်းလုံးညီညွတ်မှုတွေကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဖို့နဲ့ မိမိတို့ရဲ့တစ်ဦးချင်း ကိုယ်ကျိုးစီးပွားနဲ့ နိုင်ငံရေးလိုလားချက်တွေကို ရှေ့တန်းမတင်ဖို့ အရေးကြီးတဲ့ အချိန်အခါပင်ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ခဲ့တဲ့ နှစ်ပေါင်း(၅၅)နှစ်အတွင်း ဒေသတွင်းနိုင်ငံတွေအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနဲ့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေကတစ်ဆင့် ဒေသတွင်းနိုင်ငံရေးဟန်ချက်ညီမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်ရေးတို့ကို မြှင့်တင်နိုင်ခဲ့ကြပါတယ်။ အာဆီယံနိုင်ငံတွေအကြား မတူညီတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးတိုးတက်မှုကွာဟချက်စတဲ့ ကွဲပြားမှုတွေ ရှိနေပေမယ့် အဲ့လိုမတူညီမှုတွေနဲ့ ပေါင်းစည်းထားတဲ့ အာဆီယံအသိုက်အဝန်းကတစ်ဆင့် ရရှိလာမယ့် ရလဒ်တွေနဲ့အကျိုးစီးပွားတွေကို အတူတကွခံစားကြပြီး စိန်ခေါ်မှု၊ အခက်အခဲတွေကိုလည်း အာဆီယံလမ်းစဉ်၊ အာဆီယံညီညွတ်မှု၊ အာဆီယံစိတ်ဓာတ်တို့နဲ့ ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းသွားကြရမှာသာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံဟာ အာဆီယံရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ "ပြည်သူရှေးရှု ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်းကြီး" ရေရှည်တည်တံ့စေဖို့နဲ့ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်တွေကို ပြည့်မြောက် အောင်မြင်နိုင်စေဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ အာဆီယံမိတ်ဖက်နိုင်ငံတွေနဲ့အတူ စုစည်းညီညွတ်စွာနဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်ပြီး မိတ်ဝတ်မပျက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။